ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ( ၁၇ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်

အကြောင်းအရာ။ **Myanmar Tradenet 2.0 စနစ်စတင် အသုံးပြုမည့်အခြေအနေအား အသိပေး ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန အနေဖြင့် National Single Window အထောက်အကူပြုစနစ်အဖြစ် ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက်တွင် ကုန်သွယ်မှုဆက်စပ်ဌာနများကြား တူညီသည့်အချက်များအား Single Entry အဖြစ်ဆောင်ရွက် နိုင်စေရန်၊ ကုန်သွယ်မှုလုပ်ငန်းများအတွက် ထောက်ခံချက်ပေးသည့်လုပ်ငန်းများအပါအဝင် လိုင်စင် စနစ်နှင့်ဆက်စပ်လုပ်ငန်းများအား Online အသုံးပြု၍ ဆောင်ရွက်နိုင်စေရန်အတွက် Myanmar Tradenet 2.0 စနစ်အား ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့မှစ၍ အဆင့်လိုက် အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ Myanmar Tradenet Member လျှောက်ထားခြင်းကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်နှင့် ဆက်စပ်မှတ်ပုံတင် လျှောက်ထားခြင်းကိုလည်းကောင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ကုန်သွယ်မှုဆိုင်ရာခွင့်ပြုမှုလုပ်ငန်းစဉ်များကိုလည်း အဆင့် လိုက် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုန်သွယ်မှုလုပ်ငန်းများအား ဆောင်ရွက်မည့်သူများအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ Myanmar Tradenet 2.0 စနစ် ပြောင်းလဲဆောင်ရွက်သည့်အခြေအနေ များအတိုင်း လိုက်ပါဆောင်ရွက်နိုင်ရန် အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန